# အသိပေးကြေညာချက်

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အများပြည်သူများ စားသုံးနေသည့် အစားအသောက်၊ ဆေးဝါး ၊ အလှကုန်/လူသုံးကုန် နှင့် ဆေးပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ယခုအခါ Online ဈေးကွက်များမှနေ၍ FDA ထောက်ခံချက်မရှိသော/စားသုံးရန်မသင့်သော အစားအသောက် ၊ ဆေးဝါး ၊ အလှကုန်/လူသုံးကုန် နှင့် ဆေးပစ္စည်းများအား ဖြန့်ဖြူးရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းကို တွေ့ရှိနေရပါသဖြင့် အများပြည်သူများအနေဖြင့် သတိပြုသုံးစွဲနိုင်ရေး အသိပေးအပ်ပါသည်။ FDA မှ ခွင့်ပြု နှင့် ခွင့်မပြု အစားအသောက် ၊ ဆေးဝါး ၊ အလှကုန်/လူသုံးကုန် နှင့် ဆေးပစ္စည်း စာရင်းများအား FDA Website တွင် အချိန်နှင့်တပြေးညီ ဖော်ပြပေးလျှက်ရှိသည့်အတွက် FDA ထောက်ခံချက်ရှိ ပစ္စည်းများကိုသာ ရွေးချယ် ဝယ်ယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂။ အကယ်၍ အဆိုပါ အစားအသောက် ၊ ဆေးဝါး ၊ အလှကုန်/ လူသုံးကုန် နှင့် ဆေးပစ္စည်းများအား Online ပေါ်တွင် ဖြန့်ဖြူးရောင်းဝယ်သုံးစွဲခြင်းကြောင့် သုံးစွဲသူများအနေဖြင့် ကျန်းမာရေးထိခိုက်မှု အန္တရာယ်များရှိပါက (သို့) FDA ထောက်ခံချက်ရရှိမှု သံသယဖြစ်ပါက အောက်ပါ E-mail လိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း နှင့် ဖြန့်ဖြူးရောင်းချခြင်းပြုလုပ်ပါက တည်ဆဲဥပဒေ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| E-mail Address | - | fdanpt2@gmail.com |
| အစားအသောက်ဌာနခွဲ | - | ၀၆၇၄၀၃၂၅၀ |
| ဆေးဝါးဌာနခွဲ | - | ၀၆၇၄၀၃၀၇၃/၀၆၇၄၀၃၀၉၁ |
| ဆေးပစ္စည်း၊အလှကုန်/ လူသုံးကုန်ဌာနခွဲ | - | ၀၆၇၄၀၃၄၈၉ |

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**